**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ပဲခူးတိုင်းဒေသကြီးအတွင်း သဲစုပ်လုပ်ငန်းများ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ**

(က) ဝန်ထမ်းများအတွက် လုံခြုံရေး၊ ကျန်းမာရေး၊ စီးပွားရေး နှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးသွားရန် ၊

( ခ ) လုပ်သားများ လုပ်ငန်းဆောင်ရွက်ချိန်တွင် ဦးထုပ် ၊ လက်အိတ်နှင့် ဖိနပ် အစရှိသော Safety Equipments များ ဝတ်ဆင်လုပ်ကိုင်စေရန်၊

( ဂ ) သဲစုပ်လုပ်ငန်းကြောင့် အနီးပတ်ဝန်းကျင်ရှိ ဒေသခံများ၏ ကျန်းမာရေး ၊ လူမှုရေးနှင့်ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုလျော့နည်းစေရန်နှင့် အနည်းဆုံးဖြစ်စေရန် အတွက်ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဆန္ဒနှင့် သဘောထားများ ရယူဆောင်ရွက်သွားရန်၊

(ဃ) သဲစုပ်ရန် သတ်မှတ်ပေးထားသော ဧရိယာအတွင်းတွင်သာ လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်သွားရန်နှင့် သတ်မှတ်ပေးထားသော ဧရိယာကို ကျော်လွန်၍ သဲစုပ်ယူခြင်းမပြုလုပ်ရန်၊

( င ) သဲစုပ်လုပ်ငန်းကြောင့် ချောင်းနှင့်မြစ်များအတွင်း သွားလာနေသော ရေယာဉ်များအား အနှောက်အယှက်မဖြစ်စေရန်နှင့် ရေလုပ်ငန်းများအား ထိခိုက်ပျက်စီးမှု မဖြစ်ပေါ်စေရေးအလေးထားလိုက်နာဆောင်ရွက်ရန်၊

( စ ) ချောင်းနှင့်မြစ်များ၏ ကမ်းပါးများပြိုကျပျက်စီးမှု မဖြစ်စေရန် ကမ်းပါးများနှင့် အလွန်နီးကပ်စွာ သဲစုပ်ယူခြင်း မပြုလုပ်ရန်၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သတ်မှတ်ပေးထားသော ရေစူးအနက်ထက်ကျော်၍ ထုတ်ယူခြင်းမပြုရန်နှင့် သတ်မှတ်ပေးထားသော ဧရိယာ နယ်နိမိတ် အတွင်းသာ သဲစုပ်ယူခြင်းပြုလုပ်ရန်၊

(ဆ) မိမိ သဲစုပ်လုပ်ငန်းကြောင့် ချောင်းနှင့်မြစ်များ၏ ရေစီးရေလာနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု မရှိစေရေး အလေးထားဆောင်ရွက်ရန်၊

( ဇ ) သဲစုပ်လုပ်ငန်းများကြောင့် ချောင်းနှင့်မြစ်များအတွင်းရှိ ရေနေသတ္တဝါများအား ထိခိုက်သေကြေပျက်စီးမှုမရှိစေရေး အလေးထားလုပ်ဆောင်ရန်၊

(ဈ) သဲစုပ်လုပ်ငန်းအား ညဘက်လူခြေတိတ်ချိန်တွင် လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရန်၊

(ည) သဲရောင်းချရန်အသုံးပြုသော မော်တော်ကား လမ်းဘေးဝဲ/ယာရှိ လူနေရပ်ကွက်များ၊ ကျေးရွာများနှင့် မြို့များရှိ ပြည်သူလူထုအား သဲသယ်ကားများ ဖြတ်သန်းမောင်းနှင်မှုများကြောင့်အသံဆူညံ၍ ညဘက်အိပ်မရခြင်း၊ လမ်းဖုန်ထ၍အသက်ရှူကြပ်ခြင်း၊ လမ်းမျက်နှာပြင်ပျက်စီးခြင်းများကြောင့်ထိခိုက်နစ်နာမှုမဖြစ်ပေါ်စေရေးနှင့် သဲသယ်ကားများဖြတ်သန်းမောင်းနှင်ရာမှ သဲများ လမ်းများပေါ်သို့မကျစေရေး အလေးထားဆောင်ရွက်ရန်၊

(ဋ) မိမိတို့ သဲစုပ်လုပ်ငန်းဆောင်ရွက်သည့် ဒေသပတ်ဝန်းကျင်ရှိ ကျေးလက်ပြည်သူများ၏လိုအပ်ချက် (ဥပမာ- လမ်းဖောက်ခြင်း ၊ သာရေး ၊ နာရေး ) များကို တတ်နိုင်သမျှပါဝင်ဆောင်ရွက်ပေးရန်၊

(ဌ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၁၄ အရ ညစ်ညမ်းမှုကိုဖြစ်စေသည့်ပစ္စည်းများအား သတ်မှတ်ထားသည့်ပတ်ဝန်းကျင်အရည်အသွေးစံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ချက်များအတိုင်း သန့်စင်ခြင်း၊ ထုတ်လွှတ်ခြင်း၊ စွန့်ပစ်ခြင်းနှင့်စုပုံခြင်းများပြုလုပ်ရန်၊

(ဍ) ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ ပုဒ်မ ၁၅ အရ ညစ်ညမ်းမှုကို စတင်ဖြစ်ပေါ်စေသည့်လုပ်ငန်း ၊ ပစ္စည်း သို့မဟုတ် နေရာတစ်ခုခု၏ ပိုင်ရှင် သို့မဟုတ် လက်ရှိဖြစ်သူသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို စောင့်ကြပ်ကြည့်ရှုရန်၊ထိန်းချုပ်ရန်၊စီမံခန့်ခွဲရန်၊ လျှော့ချရန် သို့မဟုတ် ပပျောက်စေရန် လုပ်ငန်းခွင်အထောက်အကူပြု ပစ္စည်း သို့မဟုတ် ထိန်းချုပ်ရေး ပစ္စည်း ကိရိယာကို တပ်ဆင်ခြင်း သို့မဟုတ် သုံးစွဲခြင်းပြုရန်၊ ယင်းသို့ဆောင်ရွက်ခြင်းမပြုနိုင်ပါက စွန့်ပစ်ပစ္စည်းများအား ပတ်ဝန်းကျင်ကို မထိခိုက်စေသော နည်းလမ်းများနှင့်အညီ စွန့်ပစ်နိုင်ရန် စီစဉ်ဆောင်ရွက်ရန်၊

(ဎ) ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီလိုက်နာကျင့်သုံး အကောင်အထည်ဖော်ဆောင်ရွက်ရန် ၊

(ဏ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ အခါအားလျော်စွာ ဝင်ရောက်စစ်ဆေးပါက စစ်ဆေးခံနိုင်ရေး ဆောင်ရွက်ထားရှိရန်။